THIS LEASE made the ၁ day of ဇန္နဝါရီ one thousand nine hundred and ၁၉၇၄-၇၅ BETWEEN THE ~~PRESIDENT OF THE UNION~~ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (hereinafter called " the Lessor " which expression shall be taken to mean and include the said President of the Union and his successors in office and assigns except when the context requires another and different meaning) of the one part: AND ဦးဆိုင်နီ တယ်လီကျွန်း of မှော်ဘီမြို့ son of ဦး[illegible] (hereinafter called " the Lessee " which expression shall be taken to mean and include the said ဦးဆိုင်နီ his heirs executors administrators representatives and assigns except when the context requires another and different meaning) of the other part: WITNESSETH that in consideration of the rent hereinafter reserved and of the covenants by the Lessee hereinafter contained the Lessor DOTH hereby lease unto the Lessee all that piece of land described in the schedule hereto together with all rights easements and appurtenances to the same belonging save and except all mines and mineral products buried treasure coal petroleum oil and quarries whatsoever in under or within the said land with liberty for the Lessor and his lessees licensees agents and workmen and all other persons acting on his behalf to dig search for obtain and carry away the same on making reasonable compensation to the Lessee on account of any disturbance or damage that may be caused thereby to the surface of the said land and that such compensation shall in case of dispute be determined by the ~~Deputy Commissioner of~~ မြို့နယ်မြေပြင်ပြန်လည်ဆောင်ရွက်ရေးကော်မတီ as nearly as may be in accordance with the provisions of the Land Acquisition Acts or Regulations for the time being in force TO HOLD the said land unto the Lessee for the term of thirty years from the date of this lease * with the option for the Lessee to renew this lease for † two successive terms of thirty years † as hereinafter provided * (၁-၁-၂၀၀၄ ထိ) YIELDING and PAYING therefor the clear yearly rent of Kyats ၁၀/- payable in advance on the third day of January of each year and the Lessee doth hereby to the intent that the burden of the covenants may run with the said land and may bind the owners thereof for the time being covenant with the Lessor :

1\. To pay the said rent on the days and in the manner hereinbefore appointed for payment thereof and also to pay all taxes rates and assessments that now are or may hereafter during the said term be imposed upon the said land or any buildings that may be erected thereon or upon the Lessee in respect thereof.

* * The words " with the option . . . . . hereinafter provided " should be omitted at the second renewal.

† * † The words " a further term of thirty years " should be substituted at the first renewal.

13. PROVIDED also and it is hereby agreed that the Lessor his successors or assigns may at the expiration of the said term hereby granted if the Lessee shall not have obtained a renewal of this lease under clause 12 hereof elect to purchase the said buildings and fixtures that may then be in or upon the said land on giving to the Lessee one calendar month's previous notice in writing of such his intention and the price shall in case of dispute be determined by the Executive Engineer of the said district according to the actual value of such buildings and fixtures and his decision shall be final and conclusive and altogether binding upon the Lessee :

IN WITNESS WHEREOF [illegible] acting for and on behalf of the [illegible] and [illegible] have hereunto set their hands.

THE SCHEDULE ABOVE REFERRED TO.

ALL that piece of land situate in the [illegible] ward of the town of [illegible] known as lot No [illegible] in ~~block~~ holding No [illegible] containing [illegible] or thereabouts bounded as follows :—

North [illegible]

East [illegible]

South [illegible]

West [illegible]

and shown in the annexed plan marked *red.*

Signed by the said [illegible] in the presence of [illegible]

Witness [illegible]

[illegible]


Deputy Commissioner

District.

Signed by the said [illegible] in the presence of [illegible]

Witness

Signature of Lessee.



26 JAN 1995

26 JAN 1995

" မြေအရောင်းအဝယ်စာချုပ် "

ဤစာချုပ်ကို ၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် အောက်ဖော်ပြပါ ရှိသည့် ပုဂ္ဂိုလ်များ ပြုလုပ်ကြသော-

ရောင်းသူ- ဦးဘိုနီ
မှတ်ပုံတင်အမှတ် ၈၈/ဝ၂၁ဝ၃၂၊
(၁၂/ပဘတ (နိုင်) ဝ၁၁၈၉၂)

ဝယ်သူ- ဒီဗဝါကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား- ဦးဝင်းသိန်း၊ အုပ်ချုပ်မှုဒါရိုက်တာ၊
မှတ်ပုံတင်အမှတ်- PPN-ဝ၆၆၂၄၊
(၁၂/ဗဟန(နိုင်) ဗိုလ်ချုပ်ကွင်း) နှစ်ဦးသဘောတူ၍ ချုပ်ဆိုကြသည့် သဘောတူညီချက်များကို စာမျက်နှာ ၁ မှ ၅ အထိ မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ကြသည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်၊ မှတ်ပုံတင်အရာရှိ

မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ ပဋ္ဌမ စာရင်း အချက်

၁၀၇/... ကျပ် (ပြား) မှန်သည်၊ စာချုပ်စာတမ်း

မှတ်ပုံတင်အက်ဥပဒေပုဒ်မ ... များအရ လက်ခံနိုင်သည်၊

၁၉... ခုနှစ် ... လ ... ရက်၊ မှတ်ပုံတင်အရာရှိ

စမှတ်ဆီး

... ရှိ ... မှတ်ပုံတင်အရာရှိရုံး၌


၁၉... ခုနှစ် ... လ ... ရက်နံနက် / မွန်းလွဲ ... နာရီ

အချိန်တွင် ... ၏ သား / သမီး ... က

မှတ်ပုံတင်သွင်းသည်၊

၁၉... ခုနှစ် ... လ ... ရက်၊ မှတ်ပုံတင်အရာရှိ

စမှတ်ဆီး



"မြေအရောင်းအဝယ်စာချုပ်"

ဤစာချုပ်ကို ၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် အောက်ဖော်ပြပါရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြသော-

ရောင်းသူ- ဦးဘိုနီ
မှတ်ပုံတင်အမှတ် ဇဇ/၀၂၁၀၃၂။
(၁၂/ပဘတ (နိုင်) ၀၁၁၈၉၂)

ဝယ်သူ- ဇီဇဝါကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား၊ ဦးဝင်းသိန်း၊ အုပ်ချုပ်မှုဒါရိုက်တာ၊
မှတ်ပုံတင်အမှတ်-PPN-၀၆၆၂၂၄၊
(၁၂/ဗဟန(နိုင်) ၀၃၈၀၇၄)

(၄)

မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး
မှော်ဘီမြို့
စာချုပ်စာတမ်းမှတ်ပုံတင်
ဦးစီးဌာနရုံးတံဆိပ်
မှော်ဘီမြို့

........[illegible]........ မြို့နယ် [illegible] / [illegible] / [illegible] ရွာ၊ နေ
........[illegible]........ ၏ သား / သမီး ...[illegible]............... က
ကြောင်း ဖြောင့်ဆိုသည်။

၁၉ [illegible] ခုနှစ် ...[illegible]... လ ...[illegible]... ရက်၊ မှတ်ပုံတင်အရာရှိ
မှော်ဘီ။

[illegible]

ရောင်းသ

ဝယ်သူ၊

(မှတ်ချ
ဖော်ပြသ
အမွေခံမျ
ဖြစ်ပါသ

မှော်ဘီ မြ
(၈၀) ေ
အမှတ်-(
ယင်းမြေ(
ခွဲခြမ်းလျှ
ခြင်း စသ
ရောင်းချ

မှတ်ပုံတင်

၁။
၂၀၀၀၀၀၊

၂။
၁၉၇၃/၇
နှင့် ၁၉၉၄
ဝယ်သူသို့

မြေအရောင်းအဝယ်စာချုပ်

ဤစာချုပ်ကို ၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့တွင် အောက်ဖော်ပြပါရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြသော-

ရောင်းသူ၊ ဦးဘိုနီ၊
မှတ်ပုံတင်အမှတ်-ဇဇ/၀၂၁၀၃၂၊
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- (၁၂/ပဘတ (နိုင်) ၀၁၁၀၉၂)
အမှတ်-၁၀၁၊ ၃၂-လမ်း၊ ရန်ကုန်မြို့ (သို့မဟုတ်)
အမှတ်-၄၅၃၊ ဗဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ကတဘက်နှင့်

ဝယ်သူ၊ ဇီဇဝါတ္တမွလီမိတက်
အမှတ်-၃၄၃၊ ဒုတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဦးဝင်းညိမ်း - အုပ်ချုပ်မှုဒါရိုက်တာ (ဇဇအင်န်-၄၆၆၂၂၄)
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-(ဗဟန(နိုင်)၀၃၀၁၇၄) က အခြားတဘက်၊

(မှတ်ချက်။ ဤစာချုပ်ပါ ရှေ့နောက်စကားဆက်များအကြား သီးခြားအဓိပ္ပါယ်အ ညီရှုးလျက် အမည်နာမအား ဖော်ပြသည်ဖြစ်ပြီး၊ သာမန်အားဖြင့် ရောင်းသူ၊ ဝယ်သူဟုသာ ဖော်ပြမည်ဖြစ်ပြီး၊ ယင်းစကားရပ်၌ မိမိတို့ကိုယ်တိုင်အပြင် အမွေစားအမွေခံများ၊ တရားဝင်ကိုယ်စားလှယ်များ၊ စီမံအုပ်ချုပ်ခွင့်ရသူများ စသည့် အဓိပ္ပါယ်များပါအကြုံးဝင်ကြောင်း မှတ်ယူကြရန်ဖြစ်ပါသည်။) တို့သည် အသိသက်သေစုံရာရှေ့တွင် ဤမြေအရောင်းအဝယ်စာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

ဤပဋိညာဉ်စာချုပ်၏ နောက်ဆက်တွဲပစ္စည်းစာရင်းဇယားတွင် အသေးစိတ်ကျကျဖြင့် ဖော်ပြပါရှိသော ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ကစ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၀၄ အကွက်အမှတ်-၂၀၃၊ ဦးပိုင်အမှတ် (၈၅) ယခင် ဦးပိုင်အမှတ် (၀၀) မြေချိန်ဧရိယာ (၃) ဒသမ ၀၀ဧကရှိသော ဂရန်မြေကွက်အား မြို့နယ်အခွန်ဦးစီးဌာနရုံး၏ မြေခွန်တော်အမှုတွဲအမှတ်-၆ ဆိုင်/၇၃-၇၄ အမှတ် (၃၀) အရဂရန် မြေကွက်သည် ရောင်းသူဦးဘိုနီမှ အမည်ပေါက်ပိုင်ဆိုင်လျက် ရှိပါသည်။ ယင်းမြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သော မြေချိန်ဧရိယာ ၂ ဒသမ ၅၄ ဧက (မှော်ဘီမြို့နယ် မြေတိုင်းဌာန၏ တိုင်းတာခွဲခြမ်းလျက် မှင်နီသားထားသော အစိုးရဌာနက သတ်မှတ် သိမ်းယူထားခြင်းမရှိ၊ အခြားတွင် ရောင်းချလွှဲပြောင်း ပေးကမ်းဝန်တင်ခြင်း စသည့် ပြဿနာကင်းရှင်းသောမြေကွက်နှင့် အကျိုးခံစားခွင့်များကို ငွေကျပ်-၂၀၀၀၀၀၀/-(သိန်းနှစ်ဆယ်ကျပ်တိတိ) ဖြင့် ရောင်းချလိုကြောင်း ကမ်းလှမ်းပါသည်။

ရောင်းသူ၏အထက်ပါကမ်းလှမ်းချက်ကို ဝယ်သူမှ လက်ခံပြီး ဝယ်ယူရန် သဘောတူသည်ဖြစ်ပါ၍ ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ်ပြုလုပ်သည့်စာချုပ် [illegible] ပြုလုပ်ချုပ်ဆိုကြပါသည်။

ဤအရောင်းအဝယ်စာချုပ်ဖြင့် သက်သေအရာပြု၍ ချုပ်ဆိုကြသည်မှာ-

၁။ နောက်ဆက်တွဲပစ္စည်းစာရင်းဇယား၌ အသေးစိတ်ကျကျဖြင့် ဖော်ပြထားသောရောင်းချသည့်မြေကွက်၏ တန်ဘိုးငွေကျပ် ၂၀၀၀၀၀၀/(သိန်းနှစ်ဆယ်ကျပ်တိတိ) ကို ပေးချေရာ အပြေအကြေ လက်ခံရရှိကြောင်း ရောင်းသူမှ ဝန်ခံဖော်ပြအပ်ပါသည်။

၂။ ရောင်းချသည့်မြေကွက်၏ ဂရန်စာချုပ် ၁၉၇၄/၇၅ ဇန်နဝါရီလ (၁) ရက်နေ့စွဲပါ အခွန်တော်အမှုတွဲအမှတ် ၆ ဆိုင် ၁၉၇၃/၇၄ မြို့နယ်အခွန်ဦးစီးဌာနရုံး (မြေတိုင်းဌာန မှတ်ပုံတင်စာအုပ် (၃) အတွဲ (၂) စာမျက်နှာ (၄၇) တွင် ရေးသွင်းထားသည်) နှင့် ၁၉၉၄/၉၅ ခုနှစ်၊ ( ) နေ့တွင် ရောင်းချသော မြေကွက်အား တိုင်းတာခွဲစိတ်ထားသည့် မြေပုံနှင့် မူရင်းဂရန်တို့အား ဝယ်သူသို့ လက်ရောက်ပေးအပ်ပါကြောင်း ရောင်းသူမှ ဝန်ခံဖော်ပြပါသည်။

၂-သို့

(၄)

မြို့နယ်စာချုပ်စာတမ်းဦးစီးဌာန
[illegible]
ဦးစီးဌာနမှူးရုံး
မှော်ဘီမြို့

..........ယာကာတန်..........မြို့နယ် ၁၀၁/၅၂·လဝ.........ရွာ၊နေ
..........ဦး[illegible]..........၏ သား / သမီး..........[illegible]..........က
ချုပ်ဆိုသူ ....[illegible].......... ဟုတ်မှန်ကြောင်းထွက်ဆိုသည်၊

၁၉..........ခုနှစ် ....[illegible].......... လ ....၂၃..........ရက်၊ မှတ်ပုံတင်အရာရှိ
မှော်ဘီ၊

ဒေါ်တင်
(ဒေါ်တင်)

၃။ ရောင်းချသည့် မြေကွက်ဖြစ်သော နောက်ဆက်တွဲ ပစ္စည်းစာရင်းဇယား၌ အကျယ်တဝင့် ဖော်ပြထားသည့် ဂရန်မြေကွက်အပြင် ၎င်း၏အကျိုးခံစားခွင့်၊ စားပင် သီးပင်နှင့်တကွ ယင်းပေါ်ရှိ ဥပစာအား လူနေထိုင်ခြင်းမရှိသော အခြေအနေဖြင့် ဝယ်သူမှ သဘောကြည်အေးချမ်းစွာဖြင့် ဖြစ်ပေါ်လာမည့် ခံစားခွင့်အား မိမိအလိုရှိသလို ခံစားစေရန် လက်ထိလက်ရောက် လွှဲပြောင်းပေးအပ်လိုက်ပါကြောင်း ရောင်းသူမှ ဝန်ခံကြွေဝါ ဖော်ပြအပ်ပါသည်။

၄။ ဝယ်သူ၏ပိုင်ရေးဆိုင်ခွင့်များ ပိုမိုထင်ရှားစေရန် အလို့ငှာ ဥပဒေအရ လိုအပ်သည်များကို ဝယ်သူစရိတ်ဖြင့် လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ရောင်းသူမှ ဝန်ခံဖော်ပြအပ်ပါသည်။

"နောက်ဆက်တွဲပစ္စည်းစာရင်းဇယား"

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ တစ်ကြီးကုန်းကျေးရွာသစ်၊ ကွင်းအမှတ် (၅၀၄) ဦးပိုင်အမှတ် (၈၅)၏ မြေပုံနှင့်တစ်ထပ်တည်းကျ ပလာ လက်ရောက်လွှဲပြောင်း ပေးအပ်နိုင်သည့် ဧရိယာ (၂.၅၄) ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

"မြေ၏အလားအလာ"

မြောက်လားသော်	-	ဦးပိုင်အမှတ် (၈၄)
အရှေ့လားသော်	-	ဦးပိုင်အမှတ် (၈၈)
တောင်လားသော်	-	ရန်ကုန်-ပြည်ကားလမ်း
အနောက်လားသော်	-	ဦးပိုင်အမှတ် (၈၃)

ဤမြေအရောင်းအဝယ်စာချုပ်အား ရောင်းသူ ဝယ်သူတို့မှ ဖတ်ရှုကြပြီး ကောင်းစွာ နားလည်သဘောပေါက်ကြသည်ဖြစ်ပါ၍ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒများအရ ပထမစာမျက်နှာ၌ ဖော်ပြပါရှိသော နေ့ရက်တွင် အသိသက်သေစုံရာရှေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

အသိသက်သေများ

ရောင်းသူ

၁။ အမည် - ဒေါ်တင်
မှတ်ပုံတင် - ၁၂/ပဘတ(နိုင်)၀၁၁၀၉၅
နေရပ် - အမှတ်(၁၀၁) ၃၂-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝယ်သူ

၂။ အမည် - ဦးလှပေါ်
မှတ်ပုံတင် - ၁၂/ပဂတ(နိုင်)၀၂၂၉၉၀
နေရပ် - အမှတ်(၃၆) လမ်း ၉၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

စင်းချင်းတွင်ပါရှိသည့်အတိုင်း အတိုးအစားကို ငွေ့ကြောင်း
မှူး ...နီနီဝင်း............က ဖြောင့်ဆိုဝန်ခံသည်။

၂၀ ခုနှစ် ဇန်နဝါရီ ---လ ၂၄ ရက်၊ မှတ်ပုံတင်အရာရှိ
မှာသည်။

၂၀ ခုနှစ်စာချုပ်အမှတ် ...၈၄/၂၁...... အဖြစ်စာချုပ်စာတမ်း
များမှတ်ပုံတင်စာအုပ်အမှတ် .....၁.. အတွဲ ..၅၂......
စာမျက်နှာအမှတ် ၄၂၉/၄၃၁.. တွင် မှတ်ပုံတင်ထားသည်။
၂၀ ခုနှစ် ဇန်နဝါရီ.....လ ၂၄ ရက်၊

မြို့နယ်စာချုပ်စာတမ်းဦးစီးမှူး
မှာသည်။

[illegible] ၂၈၀၀၀၀/- (ကျပ်နှစ်သိန်းရှစ်သောင်း [illegible]) [illegible]

မြို့နယ်စာချုပ်စာတမ်းဦးစီးမှူး
မှာသည်။

343, SECOND FLOOR,
BO AUNG KYAW STREET,
KYAUKTADA TOWNSHIP,
YANGON, MYANMAR.

ZIZAWA
COMPANY LIMITED

TEL : 81706, 96527
TELEX : 21201, TELBOX BM (816)
FAX : 95-1-81706

ဇီဇဝါကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့၏ (၉ / ၉၅)
အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့ရက် ။ ။ ၁၉၉၅-ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်၊ စနေနေ့။
ကျင်းပသည့်အချိန် ။ ။ (၁၆:၀၀) နာရီ
ကျင်းပသည့်နေရာ ။ ။ အမှတ် (၆၂)၊ ပထမထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။

အစည်းအဝေးတက်ရောက်သူများ

(၁)	ဦးဘသန်း	ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ
(၂)	ဦးဝင်းသိန်း	မန်နေဂျင်းဒါရိုက်တာ
(၃)	ဦးတင်ဝင်း	ဒါရိုက်တာအဖွဲ့ဝင်
(၄)	ဦးလှပေါ်	ဒါရိုက်တာ (လုပ်ငန်း)
(၅)	ဦးစောမြအောင်	ဒါရိုက်တာ (စီးပွားရေး)

(၁) အစည်းအဝေးတွင် ဦးဘသန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဦးဝင်းသိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါသည်။

မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းသိန်းက ဇီဇဝါကုမ္ပဏီ လီမိတက်ပိုင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၈၄)၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် (၈၅) ရှိ ၂.၅၄ ဧက မြေအား အသုံးပြု၍ သစ်အချောကိုင် စက်မှုလုပ်ငန်း ထူထောင်ရန်နှင့် အဆိုပါသစ်အချောကိုင် စက်မှုလုပ်ငန်းမလုပ်ကိုင်မီ ၁၉၉၄-ခုနှစ်၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုချက်လိုင်စင် ရယူလျှောက်ထားရန် တင်ပြပါသည်။

ဆုံးဖြတ်ချက် (၁)

ဇီဇဝါကုမ္ပဏီလီမိတက်ပိုင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၈၄)၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် (၈၅) ရှိ ၂.၅၄ ဧက မြေအား အသုံးပြု၍ သစ်အချောကိုင် စက်မှုလုပ်ငန်း ထူထောင်ရန်နှင့် အဆိုပါ သစ်အချောကိုင် စက်မှုလုပ်ငန်းမလုပ်ကိုင်မီ ၁၉၉၄-ခုနှစ်၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုချက်လိုင်စင် ရယူ လျှောက်ထားရန် သဘောတူဆုံးဖြတ်သည်။

အဆိုပါ ၁၉၉၄-ခုနှစ်၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုချက်လိုင်စင် လျှောက်ထားရာတွင် ဇီဇဝါကုမ္ပဏီလီမိတက်၏ ကိုယ်စား လက်မှတ်ရေးထိုးလျှောက်ထားရန်နှင့် ကိစ္စအဝဝဆောင်ရွက်ရန် ဇီဇဝါကုမ္ပဏီ၏ ကိုယ်စား မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းသိန်းအား ခန့်ထားရန် သဘောတူဆုံးဖြတ်သည်။

* * * * * * * * * *

(ဦးဘသန်း) (ဦးဝင်းသိန်း) (ဦးတင်ဝင်း) (ဦးလှပေါ်) (ဦးစောမြအောင်)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော
အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

ဇီဇဝါ ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းများ

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

MEMORANDUM OF ASSOCIATION
AND
ARTICLES OF ASSOCIATION

ZIZAWA COMPANY LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုယာရှယ်များဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

ဇီဇဝါ ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

၁။ ကုမ္ပဏီ၏အမည်မှာ-ဇီဇဝါ ကုမ္ပဏီ လီမိတက် ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံဘင်ရုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တည်ရှိစေရမည်။

၃။ ကုမ္ပဏီကို အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ပါသည်။

(၁) ရာသီအလိုက် လယ်ယာထွက်ကုန် သီးနှံများ စိုက်ပျိုး၊ ထုတ်လုပ်၊ မွမ်းမံ စည်သွတ်၊ ဝယ်ယူ၊ ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချရန်။

(၂) တိရစ္ဆာန်မွေးမြူခြင်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း စည်သွတ်ခြင်းနှင့် ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချရန်။

(၃) ရေချိုရေငန်ငါး၊ ပုဇွန်နှင့်အခြား ရေသတ္တဝါများ မွေးမြူခြင်း၊ ဖမ်းဆီးခြင်း၊ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွတ်ခြင်းနှင့်ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချရန်။

(၄) မြေသြဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစားအစာ၊ ဆေးဝါး၊ ဖြည့်စွက် အစားအစာ၊ ငါးဖမ်းပိုက်ကွန်များ၊ ကိရိယာ တန်ဆာပလာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်းနှင့် ပြည်တွင်းပြည်ပဖြန့်ဖြူးရောင်းချရန်။

(၅) သတ္တုမဟုတ်သော ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါ်ဒန်ကျောက် စသည့် တွင်းထွက် စက်မှုကုန်ကြမ်းများ ရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းပြည်ပဖြန့်ဖြူးရောင်းချရန်။

(၆) သစ်တောထွက်ပစ္စည်းများ၊ (ကျွန်းသစ်မပါ) ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ စက်မှုလုပ်ငန်းများ တည်ထောင်ပြီး၊ သစ်တောထွက်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ပြီး၊ ပြည်တွင်းပြည်ပ ရောင်းချရန်။

(၇) စက်မှုလုပ်ငန်းနှင့် စားသုံးသူသုံး ကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံသစ်များ တည်ထောင်ပြီး၊ ပြည်တွင်းပြည်ပဖြန့်ဖြူးရောင်းချရန်။

(၈) ပြည်တွင်းပြည်ပကုန်ကြမ်း-ကုန်ချောပြုလုပ်သူများ၊ ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများ၏အလုပ်ကို လုပ်ကိုင်ရန်နှင့် မည်သည့်ကုန်ပစ္စည်းကိုမဆို ပြုပြင်ပြီး၊ ပြုလုပ်ပြီး၊ ကုန်ကြမ်း အဖြစ်သော် လည်းကောင်း၊ ကုန်ချော အဖြစ်သော် လည်းကောင်း၊ လက်လီလက်ကား ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်။

(၉) ကုမ္ပဏီအတွက် အမြတ်အစွန်းရရှိမည်ဟု ယူဆပါက၊ အမျိုးမျိုးသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍၊ သွင်းကုန်လုပ်ငန်းရှင်၊ ပို့ကုန်လုပ်ငန်းရှင်၊ အထွေထွေကုန်သည်လုပ်ငန်းရှင်၊ အပ်ကုန်စနစ်ဖြင့် ပစ္စည်းတင်ပို့သူ၊ အပ်ကုန်စနစ်ဖြင့် ကုန်ပစ္စည်းလက်ခံသူများ၏ လုပ်ငန်းများ ဆောင်ရွက်ရန်။

(၁၀) မည်သည့်စီးပွားရေးလုပ်ငန်းတစ်ခုခုကိုမဆို ဆောင်ရွက်နေသောကုမ္ပဏီ၊ သို့မဟုတ်၊ လူပုဂ္ဂိုလ်၊ သို့မဟုတ်၊ အဖွဲ့အစည်း၏ ကော်မရှင်ကိုယ်စားလှယ်၊ စီးပွားရေးအကျိုးဆောင်လုပ်ငန်း၊ ဝန်ဆောင်မှုကန်ထရိုက်တာ လုပ်ငန်းဆောင်ရွက်ရန်။

(၁၁) မည်သည့်အစိုးရဌာန၊ လုပ်ငန်း၊ အာဏာပိုင်၊စည်ပင်သာယာ၊ဒေသန္တရအဖွဲ့အစည်း၊ ပုဂ္ဂလိက၊ အစုစပ်၊ ကုမ္ပဏီ၏အမျိုးအစား၊ အမျိုးအမည်မရွေး အားလုံးသော အဆောက်အဦးများကို ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အစားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။

(၁၂) ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှုအတိုင်ပင်ခံများ၊ အုပ်ချုပ်မှုကိုယ်စားလှယ်များ၊ ပို့ဆောင်ရေး ကိုယ်စားလှယ်များ၊ လေယာဉ်ပျံကိုယ်စားလှယ်များ၊ ကုန်စည်တန်ဆာခ ပေးပို့ခြင်းနှင့် ကုန်ထုတ်ယူခြင်း ကိုယ်စားလှယ်များ၏ လုပ်ငန်းများ ဆောင်ရွက်ရန်။

(၁၃) မည်သည့်တရားဝင် စီးပွားရေးလုပ်ကိုင်သော မည်သည့်ကုမ္ပဏီ၊ သို့မဟုတ်၊ လူပုဂ္ဂိုလ်တို့၏ သယ်ယူပို့ဆောင်ပေးသူများ၊ ကုန်လှောင်ရုံ လုပ်ကိုင်သူများ၊ ပွဲစားများ၊ ငွေထုတ်ပေးသူများ၊ ကန်ထရိုက်တာများအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၄) ကြော်ငြာခြင်းနှင့် အများအား အသိပေးခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ ခရီးသွားနှင့် ခရီးထွက်လုပ်ငန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အနားယူရန်အိမ်များ၏ လုပ်ငန်းများကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရရှိမှသာလျှင် လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၅) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပရှိ မည်သည့်အစိုးရ လုပ်ငန်း၊ သို့မဟုတ်၊ ဖက်စပ်အဖွဲ့အစည်း၊ သို့မဟုတ်၊ သမဝါယမ အသင်းအဖွဲ့ သို့မဟုတ်၊ အစိုးရကဲ့သို့သော အဖွဲ့အစည်း၊ သို့မဟုတ်၊ ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့် စီးပွားရေးညှိနှိုင်းဆက်သွယ်ဆောင်ရွက်ရန်။

(၁၆) ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ၊ ရင်းနှီးမြှုပ်နှံလိုသည့်၊ သို့မဟုတ်၊ ကူးသန်းရောင်းဝယ်ခွင့်ဖြင့် စီးပွားရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်လိုသည့် မည်သည့်လူပုဂ္ဂိုလ် စီးပွားရေးအဖွဲ့အစည်းနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၇) ကုမ္ပဏီအတွက် ငွေလိုပါက သင့်တော်သော အတိုးနှုန်းထားဖြင့် အစိုးရအသိအမှတ်ပြုသော ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများထံမှ ငွေချေးယူရန်။

(၁၈) ကုမ္ပဏီအလုပ်တာဝန်များကို လုပ်ကိုင်ဆောင်ရွက်သူ၊ လူ၊ သို့မဟုတ်၊ ကုမ္ပဏီအား ထောက်ပံ့ကြေး၊ လစာငွေ၊ ဆုကြေး စသည့် အခကြေးငွေပေးရန်။

(၁၉) ကုမ္ပဏီအတွက် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ အထူးသဖြင့် မြေ၊ အဆောက်အအုံ၊ စက်ပစ္စည်းများ၊ ယာဉ်များ၊ စက်ရုံများ၊ အခွင့်အရေးများ သို့မဟုတ် အခွင့်အလမ်း များကို သင့်တော်သည့် စျေးနှုန်းဖြင့်ဝယ်ယူရန်၊ ငှားရန်၊ လဲလှယ်ရန် ၊သို့မဟုတ်၊ အခြားနည်းဖြင့်ရယူရန် ။

(၂၀) ကုမ္ပဏီမှရယူထားသည့်၊ သို့မဟုတ်၊ လက်ရှိပိုင်ဆိုင်သည့် ပစ္စည်းများ၊ အခွင့်အရေးများ၊ အခွင့်အလမ်း များအားလုံးကိုဖြစ်စေ၊ အချို့တစ်ဝက်ကိုဖြစ်စေ၊ ဆောက်လုပ်ခြင်း၊ မွမ်းမံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ချေးငှားခြင်း၊ လဲလှယ်ခြင်း၊ တိုးတက်အောင်ပြုလုပ်ရန် ။

(၂၁) ဒါရိုက်တာများက သဘောတူပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများက ခွင့်ပြုသောမည်သည့် စီးပွားရေးလုပ်ငန်းကိုမဆို လုပ်ဆောင်နိုင်ရန် ။

ခြွင်းချက် ။ ။ ဤကုမ္ပဏီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ အခြားမည်သည့်နေရာ၌ဖြစ်စေ၊ အခါအားလျော်စွာ တည်ရှိနေသောဥပဒေများအရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်တို့မှအပ၊ ကုမ္ပဏီ၏ ရည်ရွယ်ချက်ပါလုပ်ငန်းများကိုဆောင်ရွက်ခြင်းမပြုရပါ။ ထို့အပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၊ အခါအားလျော်စွာ တည်ရှိနေသော ဥပဒေများက သတ်မှတ်ပြဌာန်းသည့်ခွင့်ပြုချက်နှင့် အတည်ပြုချက်အရသာ လုပ်ငန်းများကိုဆောင်ရွက်မည် ဟုလည်းခြွင်းချက်ထားရှိသည် ။

၄။ အစုဝင်များ၏ ပေးရန်တာဝန်ကိုကန့်သတ်ထားသည် ။

၅။ ကုမ္ပဏီ၏ခွင့်ပြုထားသည့် မတည်ငွေရင်းသည် ကျပ် ၅၀,၀၀၀,၀၀၀/- (ကျပ်သန်းငါးဆယ်)တိတိဖြစ်ပြီး၊ အစုရှယ်ယာတစ်ခုလျှင် ကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) တန် အစုပေါင်း (၅၀၀၀) ခွဲထားသည် ။ ကုမ္ပဏီ၏ မတည် ငွေရင်းကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့်လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဌာန်းချက်များနှင့်အညီ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့်အာဏာရှိသည် ။

အောက်တွင် အမည်၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ၊ ကျွန်ုပ်တို့ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ၊ ကုမ္ပဏီတစ်ခု ဖွဲ့စည်းရန် လိုလားသည့်အလျောက်၊ ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့်ယှဉ်၍ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မ,တည်ငွေရင်းတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုဝင်များ၏ အမည်	အစုဝင်များ၏ အလုပ်အကိုင်	အစုဝင်များ၏ လိပ်စာ	လူမျိုး အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစု ပေါင်း	ထိုး မြဲ လက် မှတ်
၁	ဦးသန်းရွှေ	ကုန်သည်	၇၀၁၀-ဇာပ အနော်ရထာလမ်း ရန်ကုန်။	မြန်မာ ဗဟိုး ၂၀၀၂၅၄	၅	[signature]
၂	ဦးဝင်းသိန်း	ကုန်သည်	၁၈၀(ကော) ဓမ္မစေတီလမ်း ရန်ကုန်။	မြန်မာ ဖဗိုက် ၁၆၆၂၂၄	၅	[signature]

အထက်ပါ လက်မှတ်ရှင်များသည် ကျွန်ုပ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ရန်ကုန်မြို့၊ နေ့စွဲ၊ ၁၉၉၀-ခုနှစ်၊ လ ရက်။

ခင် စု ငွေး
ဘီကွမ်း၊ ဘီအယ်လ်၊ အာရ်အေ၊ ဒီအင်ဖ်အမ်
မှတ်ပုံတင်စာရင်းကိုင်၊ စာရင်းစစ်နှင့်
ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

ဇီဇဝါကုမ္ပဏီလီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ

ပဏာမ

၁။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပထမ ဇယားပုံစံ(က) တွင်ပါသောစည်းမျဉ်းများအနက်ဖယ်ထုတ်ထားသော သို့မဟုတ် ပြောင်းလဲထားသော သို့မဟုတ် အောက်ဖော်ပြပါ စည်းမျဉ်းများနှင့် မကိုက်ညီ သောအပိုင်းများမှအပ၊ ဤကုမ္ပဏီနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၇(၂) တွင်ပြဋ္ဌာန်းထားသော မလိုက်နာမနေရ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အမြဲသက်ဆိုင်စေသည်ဟုမှတ်ယူရမည်။

အများနှင့်မသက်ဆိုင်သော ကိုယ်ပိုင်ကုမ္ပဏီ

၂။ ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂(၁၃) အရ၊ အစုရှယ်ယာဖြင့်ပေးရန်တာဝန်ကန့်သတ် ထားသည့်အများနှင့်မသက်ဆိုင်သော ကုမ္ပဏီဖြစ်သည်။ သို့ဖြစ်၍ –

(၁) အများပြည်သူတို့သို့ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာ ငွေချေးစာချုပ်များ စသည်တို့အား ထည့်ဝင်ကြရန် ဖိတ်ခေါ်ခြင်းမပြုရပါ။

(၂) ၄င်းကုမ္ပဏီ၏ အစုရှယ်ယာရှင်များ (၂)ဦးထက်မနည်း၊ ငါးဆယ်ဦးထက်များစေရ၊ (ကုမ္ပဏီဝန်ထမ်းမပါ)၊ လူနှစ်ဦးဖြစ်စေ၊ အများဖြစ်စေ တစ်စုကိုတွဲဖက်၍ ပိုင်လျှင်အစုရှင်တစ်ဦး အနေနှင့်မှတ်ယူရမည်။

(၃) ကုမ္ပဏီ၏ အစုရှယ်ယာများ ရောင်းချခြင်းနှင့် လွှဲပြောင်းရန်အခွင့်အရေးကိုနောင်ကာလတွင်ဖော်ပြထားသောနည်းလမ်းအရ ကန့်သတ်သည်။

မ, တည်ငွေရင်းနှီးငွေနှင့် အစုရှယ်ယာများ

၃။ ကုမ္ပဏီ၏ မ, တည်ရင်းနှီးငွေသည် ကျပ် ၅၀,၀၀၀,၀၀၀/– (ကျပ်သန်းငါးဆယ်တိတိ) ဖြစ်၍ရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀/– (ကျပ်တစ်သောင်းတိတိ) ကျစီ နှင့် အစုရှယ်ယာပေါင်း (၅၀၀၀) ခွဲထားပါသည်။ ကုမ္ပဏီ၏ မ, တည်ငွေရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့်လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥကပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တိုးမြှင့်နိုင်ခွင့်လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့်အာဏာရှိသည်။

၄။ အစုရှယ်ယာများသည် ဒါရိုက်တာများ၏ အုပ်ချုပ်မှုအောက်တွင်ရှိရမည်။ သင်းဖွဲ့မှတ်တမ်းကို လက်မှတ်ထိုးသူများနှင့် နောက်မှ အစုရှယ်ယာများ ဝယ်ယူရန် သဘောတူသူများသို့ ခွဲဝေချထားပြီးသော အစုရှယ်ယာများကို ဒါရိုက်တာအဖွဲ့က ထုတ်ပေးရမည်။ ယင်းအဖွဲ့က သင့်လျော်သောအချိန်ကာလတွင် လိုအပ်သည့် စည်းမျဉ်းတို့ဖြင့် သင့်မြတ်သော ပုဂ္ဂိုလ်များသို့ အစုရှယ်ယာများကို ခွဲဝေချထားပြီး၊ ထုတ်ဝေပေးနိုင်သည်။

၅။ မည်သူမဆို ကုမ္ပဏီ၏ မှတ်ပုံတင်စာအုပ်တွင် အစုရှယ်ယာဝင်အဖြစ် မှတ်ပုံတင်ပြီးနောက်၊ ကုမ္ပဏီ၏ရုံးတံဆိပ်ရိုက်ထားပြီး၊ ဝယ်ယူသည့်ရှယ်ယာ သို့မဟုတ် ရှယ်ယာများနှင့်ရှယ်ယာများ၏ တန်ဖိုးကို ဖော်ပြထားသည့် အစုရှယ်ယာလက်မှတ်ကို အခမဲ့လက်ခံရရှိပိုင်ခွင့်ရှိရမည်။ သို့ရာတွင် ရှယ်ယာ သို့မဟုတ် ရှယ်ယာများကို စုပေါင်းဝယ်ယူသည့် ကိစ္စများ၌ ကုမ္ပဏီအနေဖြင့် ရှယ်ယာလက်မှတ် တစ်စောင်ထက်ပို၍ ထုတ်ပေးရန် တာဝန်မရှိစေရ။ ရှယ်ယာစုပေါင်း ဝယ်ယူသူတို့အား ရှယ်ယာလက်မှတ်တစ်စောင် ထုတ်ပေးခြင်းဖြင့် ၎င်းတို့အားလုံးအတွက် ထုတ်ပေးပြီးဟု မှတ်ယူရမည်။

၆။ အစုရှယ်ယာလက်မှတ် ချို့ယွင်းပျက်စီးခဲ့လျှင် သို့မဟုတ် ပျောက်ဆုံးခဲ့လျှင် ဒါရိုက်တာများအား ကျေနပ်လောက်အောင် သက်သေသာဓကပြနိုင်လျှင် သို့မဟုတ် ဒါရိုက်တာက လုံလောက်သည်ဟု ယူဆရသော အာမခံချက်ပေးခဲ့လျှင် အဆိုပါပျက်စီး၊ ပျောက်ဆုံးသည့် အစုရှယ်ယာလက်မှတ်ကို ရထိုက်သူအား အစုရှယ်ယာ လက်မှတ်အသစ်တစ်စောင်ကို တစ်ကြိမ်သာ ထပ်မံထုတ်ပေးရမည်။

အစုရှယ်ယာပေါ်တွင် ငွေများတောင်းခံခြင်း

၇။ ဒါရိုက်တာများသည် အခါအားလျော်စွာ အစုရှယ်ယာများနှင့်ပတ်သက်၍ ပေးရန်ကျန်ရှိသောငွေများကို တောင်းယူနိုင်သည်။ အစုရှယ်ယာဝင်တို့သည် ကုမ္ပဏီမှ သတ်မှတ်သည့်နေ့တွင် သတ်မှတ်သည့် ငွေပမာဏကို ပေးဆောင်ရမည်။ ကုမ္ပဏီမှ အသင်းဝင်များအား မည်သည့်နေ့တွင် နောက်ဆုံးထား၍ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ အနည်းဆုံး (၁၅)ရက်ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်။

၈။ အစုရှယ်ယာတစ်စုကို တွဲဖက်ပိုင်ဆိုင်သူများသည် အဆိုပါ အစုရှယ်ယာအတွက် အားလုံးသော အရစ်ကျပေးရန်ငွေများ သို့မဟုတ် အစုငွေတောင်းခြင်းများအတွက် ကိုယ်စီကိုယ်ငှ ဖြစ်စေ၊ တွဲဖက်ဖြစ်စေ ပေးဆပ်ရန် တာဝန်ရှိစေရမည်။

အစုရှယ်ယာများ လွှဲပြောင်းခြင်း

၉။ ဒါရိုက်တာအဖွဲ့ထံမှ ကြိုတင်၍ စာဖြင့်ရေးသားသော သဘောတူညီချက် ရရှိသည်မှတပါး၊ မည်သည့် အစုရှယ်ယာကိုမျှ လွှဲပြောင်းခြင်း မပြုရ။ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာလွှဲပြောင်းခြင်းအား အကြောင်းတစ်စုံတစ်ရာ ပြရန်မလို၊ ချုပ်ချယ်မှု လုံးဝကင်းသော သဘောဆန္ဒအလျောက် ငြင်းပယ်ပိုင်ခွင့်ရှိသည်။

မ, တည်ရင်းနှီးငွေ ပမာဏကိုပြင်ဆင်ခြင်း

၁၀။ ဒါရိုက်တာများသည် ပုံမှန်အစည်းအဝေးတွင် ကုမ္ပဏီ၏ သဘောတူညီချက်ဖြင့် မ, တည်ရင်းနှီးငွေပမာဏကို တိုးနိုင်သည်။ ရှယ်ယာတစ်စု၏တန်ဖိုးကိုလည်း ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၁။ ရင်းနှီးငွေပမာဏကို တိုး၍ သတ်မှတ်သဖြင့်၊ အစုရှယ်ယာများကို ထပ်မံရောင်းရန် လိုအပ်ပါက၊ မူလကနဦးကပင် အစုရှယ်ယာ ဝယ်ယူထားပြီးသော အစုရှင်များအား မူလအစုရှယ်ယာရှင်များဖြစ်၍ ၎င်းတို့ဝယ်ယူထားပြီးသော ရှယ်ယာအစု အချိုးအစားအတိုင်း တိုး၍ ဝယ်ယူခွင့်ရှိမည်။ ယင်းမူလ အစုရှယ်ယာရှင်များမှ ဝယ်ယူခြင်းမပြုနိုင်ပါမှ အစုရှယ်ယာများကို ပြင်ပပုဂ္ဂိုလ်များကို ဒါရိုက်တာအဖွဲ့မှ သင့်တော်သည့် နည်းလမ်းဖြင့် ရောင်းချပေးစေရမည်။

၁၂။ ကုမ္ပဏီသည် အထူးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးမှုပမာဏကို ဥပဒေနှင့်အညီ လျှော့ပေါ့ သတ်မှတ်နိုင်သည်။

သင်းလုံးကျွတ်အစည်းအဝေး

၁၃။ ကုမ္ပဏီတည်ထောင်ပြီးသည့်နေ့မှ (၁၈) လအတွင်း သင်းလုံးကျွတ်အစည်းအဝေးကိုခေါ်ယူကျင်းပပြုလုပ်ရမည်။ ထို့နောက် သင်းလုံးကျွတ်အစည်းအဝေးမှ ဆုံးဖြတ်သည့် အချိန်နှင့် နေရာတွင် နှစ်စဉ်အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။ထို့ပြင် နောက်ဆုံး အစည်းအဝေး ကျင်းပသည့်ကာလနှင့် တစ်ဆယ့်ငါးလထက်ပို၍ မခြားစေရ။

၁၄။ အထက်ဖော်ပြပါ သင်းလုံးကျွတ်အစည်းအဝေးကို "ပုံမှန်အစည်းအဝေး"ဟု ခေါ်ဆိုလျက် အားလုံးသော အခြားအစည်းအဝေးတို့ကို "အထူးအစည်းအဝေး" ဟု ခေါ်ဆိုရမည်။

၁၅။ ဒါရိုက်တာများသည် သင့်တော်သည်ဟု ယူဆသည့်မည်သည့်အချိန်အခါမဆို အထူးအစည်းအဝေးကို ခေါ်နိုင်သည်။ ထို့ပြင် ကုမ္ပဏီ၏အစုရှယ်ယာငွေရင်း၏ သုံးပုံတစ်ပုံထက်မနည်း ပိုင်ဆိုင်သည့် အစုရှင်တို့က အစည်းအဝေးခေါ်ရန် တောင်းဆိုစာဖြင့်ရေး၍ ကုမ္ပဏီရုံးသို့ ပေးပို့လျှင် အစည်းအဝေး၌ ဆွေးနွေးမည့်အချက်နှင့် ရည်ရွယ်ချက်များကို ဖော်ပြ၍ တောင်းဆိုလျှင် မည်သည့်အခါမဆို ဒါရိုက်တာတို့က အထူးအစည်းအဝေး တစ်ရပ်ကို ခေါ်ပေးရမည်။

၁၆။ တောင်းဆိုချက်ကို ကုမ္ပဏီရုံးတွင် ထိုကဲ့သို့တင်သွင်း ပြီးသည့်နောက် (၃၀) ရက်အတွင်း ဒါရိုက်တာတို့က အစည်းအဝေးတစ်ရပ်ကို မခေါ်ပေးပါကအစည်းအဝေး ကျင်းပပြုလုပ်ပေးရန် မူလတောင်းဆိုသူများ သို့မဟုတ် အစုရှယ်ယာတန်ဖိုး၏ အများစုပိုင်ဆိုင်သော အစုရှင်များက၊ ၎င်းတို့ကိုယ်တိုင် အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။ ဤသင်းဖွဲ့စည်းမျဉ်းများအရ တောင်းဆိုသူတို့ကခေါ်ယူသော အထူးအစည်းအဝေးသည် ဒါရိုက်တာများခေါ်ယူကျင်းပသည့် အစည်းအဝေးများ၏ နည်းအတိုင်း ကျင်းပပြုလုပ်ရမည်။

သင်းလုံးကျွတ် အစည်းအဝေးတွင် ဆောင်ရွက်ရန် အစီအစဉ်

၁၇။ ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၁ (၂)အရ၊ အထူးအစည်းအဝေး ဆုံးဖြတ်ချက်များအတွက် (၁၄)ရက် ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်။ နေရာ နေ့ရက်၊ အချိန်၊ နာရီများကို ဖော်ပြပြီး၊ အထူးကိစ္စဖြစ်ပါက ယေဘုယျသဘာဝများကို၊ အစည်းအဝေး အစီအစဉ်တွင် ဖော်ပြပြီးမှ နောက်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရမည်။ အကြောင်းကြားစာ ပေးပို့ရာတွင် မတော်တဆ ပေးပို့ရန် ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း၊ အသင်းဝင်တစ်ဦးက အစည်းအဝေးအကြောင်းကို လက်ခံရရှိခြင်းမရှိခဲ့လျှင်သော်လည်းကောင်း၊ သင်းလုံးကျွတ်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ချက်များကို ပျက်ပြယ်စေခြင်း မရှိစေရ။

၁၈။ အထူးအစည်းအဝေးတွင် လုပ်ဆောင်သော လုပ်ငန်းများကို အထူးကိစ္စတင်ရပ်ဟု ယူဆနိုင်သည်။ ထို့ပြင် ပုံမှန်အစည်းအဝေးတွင် လုပ်ဆောင်သည့် လုပ်ငန်းများအနက် အမြတ်ဝေစုခွဲဝေသည့်ကိစ္စရပ်၊ ငွေစာရင်းများ၊ လက်ကျန်ရှင်းတမ်းများ၊ ဒါရိုက်တာများနှင့် စာရင်းစစ်များ၏ ပုံမှန်အစီရင်ခံစာများစဉ်းစားခြင်း၊ ဒါရိုက်တာနှင့် အခြားအရာရှိများ နုတ်ထွက်သွားသည့်နေရာများ၌ ပြန်လည်ခန့်ထားခြင်းနှင့် စာရင်းစစ်များ၏အခကြေးငွေ သတ်မှတ်ခြင်းတို့မှလွဲ၍ အထူးကိစ္စတစ်ရပ်ဟု ယူဆနိုင်သည်။

၁၉။ သတ်မှတ်ထားသည့်အစည်းအဝေး တက်ရောက်သူများမပြည့်မီဘဲ၊ လုပ်ငန်းကိစ္စရပ်များကို အစည်းအဝေးတွင် ဆောင်ရွက်ခွင့်မရှိပါ။ အစုရှယ်ယာငွေရင်း၏ သုံးပုံလေးပုံထက်မနည်း ပိုင်ဆိုင်သည့် ကုမ္ပဏီအစုရှင်တို့ တက်ရောက်ခြင်းကို အစည်းအဝေး တက်ရောက်သည့် လူဦးရေပြည့်မီသည်ဟု သတ်မှတ်ရမည်။

၂၀။ အစည်းအဝေးကျင်းပရန် သတ်မှတ်ထားသည့်အချိန်မှ နာရီဝက် ကျော်လွန်သည့် အချိန်ထိ၊ အစည်းအဝေး ဖြစ်မြောက်ကြောင်း သတ်မှတ်သည့်ဦးရေ မပြည့်မီပါက တောင်းဆိုသူများက ခေါ်ယူကျင်းပသည့် အစည်းအဝေးဖြစ်လျှင် အစည်းအဝေးကို ဖျက်သိမ်းရမည်။ အခြားအစည်းအဝေးဆိုလျှင် နောက်တစ်ပတ်ခွာ၍ ထိုအချိန်၊ထိုနေရာတွင်ပင် ကျင်းပရန် သတ်မှတ်ရမည်။ ထိုရွှေ့ဆိုင်း ချိန်းဆိုသည့်ရက်တွင် အစည်းအဝေး တက်ရောက်ရမည့် ဦးရေသည် အစည်းအဝေး ကျင်းပသတ်မှတ်ချိန်မှ နာရီဝက်ကျော်သည့်တိုင်အောင် မပြည့်မီသေးပါက၊ တက်ရောက်သည့်ဦးရေကိုပင် ပြည့်မီသည့် လူဦးရေဟု သတ်မှတ်၍ စည်းဝေး ကျင်းပရမည်။

၂၁။ သင်းလုံးကျွတ် အစည်းအဝေးတွင် သဘာပတိအဖြစ် အမှုဆောင်ဒါရိုက်တာကဆောင်ရွက်ရမည်။

၂၂။ အကယ်၍ အစည်းအဝေးတွင် သဘာပတိမရှိခဲ့လျှင်သော်လည်းကောင်း၊ သဘာပတိသည် အစည်းအဝေးကျင်းပချိန်ထက် တစ်ဆယ့်ငါးမိနစ်ထက် နောက်ကျပြီးမှ မရောက်လာခဲ့လျှင် သော်လည်းကောင်း၊ သဘာပတိအဖြစ် မဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ တက်ရောက်သူ အစုရှင်တစ်ဦးဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်။

၂၃။ သဘာပတိသည် အစည်းအဝေး၏ သဘောတူညီချက်အရ တက်ရောက်သည့်ဦးရေ ပြည့်သော်လည်း အစည်းအဝေးကို အချိန်နှင့်နေရာရွှေ့ပြောင်းကျင်းပနိုင်သည်။ သို့ရာတွင် ရွှေ့ဆိုင်းသည့် အစည်းအဝေး၌ ယခင်အစည်းအဝေးမှ မပြီးပြတ်သည့် လုပ်ငန်းကိစ္စများမှအပ၊ အခြားလုပ်ငန်းများ မဆွေးနွေးရပါ၊ ရွှေ့ဆိုင်းသည့် အစည်းအဝေးသည် (၁၀)ရက် သို့မဟုတ် (၁၀) ရက်ထက် ကျော်လွန်ပါက၊ အစည်းအဝေးတွင် ဆွေးနွေးရန် ကိစ္စကို နို့တစ်စာဖြင့် အကြောင်းကြားရမည်။ အထက်ဖော်ပြပါ ရွှေ့ဆိုင်းအစည်းအဝေး ဖြစ်ပါက နို့တစ်စာပေးပို့ရန် မလိုချေ။

၂၄။ အစည်းအဝေးတွင် မဲခွဲရမည့်ဆုံးဖြတ်ချက်တစ်ခုကို မဲဆုံးဖြတ်ရန်တောင်းဆိုခြင်းမရှိခဲ့သော် လက်ထောင်၍ ဆုံးဖြတ်ရမည်။

၂၅။ မဲဖြင့်ဆုံးဖြတ်ပေးရန် တောင်းဆိုသည့်အခါတွင် သဘာပတိက သင့်တော်သောနည်းဖြင့် ဆန္ဒမဲများ ပေးစေပြီးဆန္ဒမဲရရှိမှုအပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်များသည်ဆန္ဒမဲဖြင့် ရယူသော ဆုံးဖြတ်ချက်ဟု မှတ်ယူရမည်။

၂၆။ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရာတွင် တစ်ဖက်နှင့်တစ်ဖက် ညီမျှနေသည့်အခါတွင် သဘာပတိသည် လက်ဖြင့်ထောင်၍ ဆန္ဒပေးသည့်အခါတွင်လည်းကောင်း၊ ဆန္ဒမဲဖြင့် ဆန္ဒပေးသည့်အခါတွင် လည်းကောင်း၊ မိမိက နောက်ဆုံး ပယ်ဖက်ဖက်သို့ ဆန္ဒမဲပေးခွင့်ရှိသည်။

၂၇။ ဆန္ဒမဲဖြင့် သဘာပတိရွေးချယ်ရန် ကိစ္စတွင်ဖြစ်စေ၊ အစည်းအဝေး ရွှေ့ဆိုင်းပေးရန်ကိစ္စတွင် ဖြစ်စေ၊ အခြားကိစ္စတစ်ခုခု ဆုံးဖြတ်ရာ၌ဖြစ်စေ၊ သဘာပတိက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

အသင်းသားများ၏ မဲများ

၂၈။ လက်ထောင်ဆန္ဒမဲပေးသည့်အခါတွင် လူကိုယ်တိုင်တက်ရောက်သည့် အသင်းသားအသီးသီးသည် တစ်မဲပေးရမည်။ ဆန္ဒမဲဖြင့် ဆန္ဒပေးသည့်အခါတွင် အသင်းသားတိုင်းသည် အစုရှယ်ယာတစ်ခုအတွက် တစ်မဲရရှိစေရမည်။

၂၉။ မဲပေးသည့်အခါတွင် ပူးတွဲပိုင်ဆိုင်သူ၊ မဲပေးပါက၊ အစဉ်အလာကြီးသူက၊ မဲပေးခွင့်ရသည်။ လူပုဂ္ဂိုလ်(သို့မဟုတ်) ကိုယ်စားမဲပေးသူ၊ မဲပေးခြင်းကိစ္စတွင် ပူးတွဲရှယ်ယာပိုင်ဆိုင်သူတို့ထဲတွင် ကုမ္ပဏီ၏ရှယ်ယာမှတ်ပုံတင်တွင် မှတ်ပုံတင်ထားသည့် ဦးစားပေးအစီအစဉ်အရ တစ်ဦးတည်းကသာ ကျန်သူများကို ချန်လှပ်၍ မဲပေးခွင့်ရှိသည်။

၃၀။ စိတ်ပေါ့သွပ်သူ အသင်းသား (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ရူးသွပ်သူဟု သတ်မှတ်ခြင်းခံရသူသည် တရားဝင်အုပ်ထိန်းသူ (သို့မဟုတ်) ကော်မတီကဖြစ်စေ၊ မဲပေးရာတွင် ကိုယ်စားလှယ်မဲပေးသူဖြင့် မဲထည့်ခွင့်ရှိသည်။

၃၁။ အစုဝင်တစ်ဦးသည် ၎င်းက ကုမ္ပဏီသို့ ပေးရန်ရှိသော အစုရှယ်ယာများနှင့် ပတ်သက်၍ ငွေအကြေပေးဆောင်ပြီးမှသာ၊ သင်းလုံးကျွတ်အစည်းအဝေး၌ မဲပေးခွင့် ရှိစေရမည်။

၃၂။ မဲဖြင့် ဆန္ဒပေးရမည့်ကိစ္စဖြစ်ပါက ဆန္ဒမဲပေးခြင်းကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်၊ ကုမ္ပဏီဒါရိုက်တာအဖွဲ့က မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၀-အရ ဆုံးဖြတ်ချက်ချမှတ်ပြီး၊ ကိုယ်စားလှယ် မဲပေးခွင့်ပြုရမည်။

၃၃။ ကိုယ်စားမဲပေးသူအဖြစ် ခန့်အပ်သည့် လွှဲစာလက်မှတ်ကို ပေးသူကဖြစ်စေ၊ ၎င်း၏တရားဝင်စာဖြင့် ခန့်အပ်ထားသည့် ရှေ့နေကဖြစ်စေ၊ လက်ရေးဖြင့် ရေးသားလွှဲအပ်ရမည်။ လွှဲပေးသူသည် ကော်ပိုရေးရှင်း ဖြစ်ပါက၊ ယင်းကော်ပိုရေးရှင်း၏ ရုံးတံဆိပ်ခပ်နှိပ်၍ ဖြစ်စေ၊ ယင်းကော်ပိုရေးရှင်း အရာရှိတစ်ဦး၏ လက်မှတ်ဖြင့် ဖြစ်စေ၊ ယင်းကော်ပိုရေးရှင်းက တရားဝင် သတ်မှတ်ထားသည့် ရှေ့နေတစ်ဦး၏ လက်မှတ်ဖြင့်ဖြစ်စေ၊ လွှဲစာလက်မှတ်ကို ထုတ်ပေးရမည်။ မည်သူမဆို ကုမ္ပဏီ၌ အသင်းဝင်မဖြစ်ဘဲ၊ ကိုယ်စားမဲပေးသူအဖြစ် ဆောင်ရွက်ခြင်း မပြုစေရ။

၃၄။ လွှဲစာလက်မှတ်ကို ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာကိုဖြစ်စေ၊ ယင်းကိုယ်စားလှယ် လွှဲစာထုတ်ပေးသည့် ခွင့်ပြုအမိန့်စာကိုဖြစ်စေ (ရှိခဲ့လျှင်) နိုတြီပဘာလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် အထက်ဖော်ပြပါ ကိုယ်စားလှယ်လွှဲစာ သို့မဟုတ် ခွင့်ပြုအမိန့်စာကို ဖြစ်စေ၊ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏ရုံး၌ သင်းလုံးကျွတ် အစည်းအဝေးမကျင်းပမီ၊ (၇၂)နာရီကြိုတင်၍ လာရောက်အပ်နှံရမည်။ ယင်းသို့ပြုလုပ်ရန် ပျက်ကွက်ပါက၊ လွှဲစာ လက်မှတ်ကို တရားမဝင်ဟု သတ်မှတ်ရမည်။

၃၅။ ကိုယ်စားမဲပေးသူအတွက် ထုတ်ပေးသည့်လွှဲစာလက်မှတ်သည် အောက်တွင်ဖော်ပြထားသည့် အတိုင်း ဖြစ်ရမည်။ သို့မဟုတ် ဒါရိုက်တာများ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

ဇီဇဝါ ကုမ္ပဏီ လီမိတက်

ဇီဇဝါ ကုမ္ပဏီ လီမိတက်တွင် အသင်းဝင်ဖြစ်သော .... မြို့နယ်၊ အမှတ် ....၊ ....လမ်းတွင် နေထိုင်သူက၊ ကျွန်ုပ် ဦး/ဒေါ် ....သည် ကျွန်ုပ်၏ကိုယ်စား မဲပေးနိုင်ရန်၊ .... ရက်နေ့ သို့မဟုတ် ရွှေ့ဆိုင်းမည့်နေ့ရက်တွင် ပြုလုပ်မည့် ကုမ္ပဏီ၏ သာမန် သို့မဟုတ် အထူး သင်းလုံးကျွတ် အစည်းအဝေးတွင် ဆန္ဒမဲပေးရန်အတွက် ဦး/ဒေါ် .... အား ခန့်အပ်ပါသည်။

လက်မှတ်

နေ့စွဲ

ဒါရိုက်တာများ

၃၆။ သင်းလုံးကျွတ် အစည်းအဝေးကြီးက အခြားနည်း ပြဋ္ဌာန်းခြင်းမပြုသည့်အထိ ဒါရိုက်တာ များ၏ ဦးရေမှာ နှစ်ဦးထက်မနည်းရ၊ ခုနစ်ဦးထက် မပိုစေရ။

ပထမဒါရိုက်တာများသည်--

၁။ ဦးသန်းဌေး

၂။ ဦးဝင်းသိန်း တို့ ဖြစ်ကြသည်။

၃၇။ ဒါရိုက်တာ၏ အရည်အချင်းမှာ အနည်းဆုံးအစုရှယ်ယာ (၅)စု သို့မဟုတ် ငွေအားဖြင့် ကျပ်ငါးသောင်း ပိုင်ဆိုင်စေရမည်ဖြစ်၍၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ(၈၅) နှင့် လျော်ညီရမည်။

၃၈။ ဒါရိုက်တာအဖွဲ့ဝင်များ မခန့်ထားမီကာလအတွင်းတွင် သင်းဖွဲ့မှတ်တမ်းတွင် လက်မှတ် ရေးထိုးသူများသည် ပထမဒါရိုက်တာအဖြစ် ဆောင်ရွက်ကြသည်ဟု မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ယူရမည်။

၃၉။ ဒါရိုက်တာများအား ''သင်းလုံးကျွတ်အစည်းအဝေး'' မှ အစုရှယ်ယာတန်ဖိုး၏ သုံးပုံ နှစ်ပုံ ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များက ရွေးချယ်ရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၄၀။ ကုမ္ပဏီ၏ အမှုကိစ္စများကို ဒါရိုက်တာများက ကြီးကြပ်ဆောင်ရွက်ရမည်။ ကုမ္ပဏီဖွဲ့စည်း၍ မှတ်ပုံတင်စာရင်းသွင်းရာ ကုန်ကျသည့်စရိတ်များကို၊ ဒါရိုက်တာတို့က ပေးဆောင်၍ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေကဖြစ်စေ၊ ၎င်းဥပဒေကို ကျင့်သုံးဖြစ်မည့် တရားဥပဒေအရ ပြောင်းလဲပြင်ဆင်ချက် တစ်စုံတစ်ရာနှင့်အညီ ဖြစ်စေ၊ ဤသင်းဖွဲ့စည်းမျဉ်းများအရ ဖြစ်စေ၊ ကုမ္ပဏီက "သင်းလုံးကျွတ် အစည်းအဝေး"ကြီးတွင် ဆောင်ရွက်ရန်မလိုသည့် အခွင့်အရေးတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ရမည်၊ သို့သော်လည်း ဤသင်းဖွဲ့စည်းမျဉ်းများအရ၊ စည်းကမ်းသတ်မှတ်ချက် တစ်စုံတစ်ရာ ဆိုခဲ့သည့် ဥပဒေပါ ပြဋ္ဌာန်းချက်မှစ၍ ဤစည်းကမ်းသတ်မှတ်ချက် ပြဋ္ဌာန်းချက်များနှင့် သဘောဆန့်ကျင် ကွဲလွဲခြင်း မရှိသည့် ကုမ္ပဏီက "သင်းလုံးကျွတ် အစည်းအဝေး"ကြီးတွင် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကိုအထောက်အထားပြု၍ ဆောင်ရွက်ရမည်။ သို့သော် ၎င်းစည်းကမ်းသတ်မှတ်ချက်ကို ပြဋ္ဌာန်း မရှိခဲ့လျှင် ဥပဒေအရ အတည်ဖြစ်စေရမည်၊ ဒါရိုက်တာများတို့ အထက်ကဆောင်ရွက်ခဲ့သည့် အမှုကိစ္စ တစ်စုံတစ်ရာကို ကုမ္ပဏီက "သင်းလုံးကျွတ်အစည်းအဝေး" ကြီးတွင် ပြဋ္ဌာန်းသည့် စည်းကမ်း သတ်မှတ်ချက် တစ်စုံတစ်ရာအရ ဥပဒေအရာ၌ တည်မြဲခြင်း မဖျက်စေရ။

၄၁။ ဒါရိုက်တာများသည် ၎င်းတို့ ဒါရိုက်တာများထဲမှ ဒါရိုက်တာ (စီးပွားရေး) ဒါရိုက်တာ (လုပ်ငန်း)တို့အား သင့်လျော်သောလစာနှင့် ခန့်နိုင်သည်။ သို့မဟုတ် လုပ်ငန်းသဘာဝအရ လိုအပ်ပါက အခြားသင့်တော်မည့်ရာထူး၊ သင့်တော်သောလစာနှင့် ခန့်နိုင်သည်။

၄၂။ ဒါရိုက်တာများသည် အောက်ပါကိစ္စရပ်များအတွက် သတ်မှတ်ထားသည့် စာအုပ်များတွင် အစည်းအဝေးမှတ်တမ်းများ ထားရှိရမည်—

(၁) ဒါရိုက်တာများမှ ခန့်ထားသည့် အရာရှိများ၏ ခန့်ထားမှုအားလုံး။
(၂) ဒါရိုက်တာ အစည်းအဝေးတိုင်း၌ တက်ရောက်သည့် ဒါရိုက်တာများ၏အမည်များ။
(၃) ကုမ္ပဏီအစည်းအဝေးများ အားလုံး၊ ဒါရိုက်တာအစည်းအဝေးများ အားလုံးတွင် ဆုံးဖြတ်ချက်များ ဆောင်ရွက်ချက်များ။

မည်သည့် ဒါရိုက်တာ အစည်းအဝေးတွင် မဆို တက်ရောက်သည့် ဒါရိုက်တာ တစ်ဦးချင်းမှ သတ်မှတ်ထားသည့် စာအုပ်တွင် လက်မှတ်ရေးထိုးရမည်။

၄၂။ (က) ဒါရိုက်တာများသည် ဤကုမ္ပဏီကိစ္စအလို့ငှာ အချိန်အခါအားလျော်စွာ မိမိတို့ သင့်လျော်သည်ဟု ထင်မြင်သော ငွေကို ဘဏ်မှ ချေးယူနိုင်သည်။ ယင်းချေးငွေကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ဒါရိုက်တာများသည် ဤကုမ္ပဏီ၏ပစ္စည်းအားလုံး အပေါ်တွင်လည်းကောင်း၊ ဒါရိုက်တာများ၊ အစုရှင်များနှင့် အခြားလူများ၏ ပိုင်ဆိုင်သည့် ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ ပေါင်နှံခြင်းဖြစ်စေ၊ တာဝန်တင်ထားခြင်းဖြစ်စေ၊ ဒါရိုက်တာများက သင့်တော်သည်ဟု ထင်မြင်သောငွေကို ပြန်လည်ပေးဆပ်ရန် သို့တည်းမဟုတ် ထုတ်ပေးရန်အတွက် ချေးယူဆောင်ရွက်နိုင်သည်။

ဒါရိုက်တာများ အလှည့်ကျစီ ဆောင်ရွက်ခြင်း

၄၃။ ဒါရိုက်တာများကို အနည်းဆုံး (၂) နှစ် ရွေးချယ်ခန့်ထားရမည်။

၄၄။ အနားယူသော ဒါရိုက်တာသည် ပြန်လည်အရွေးခံခွင့် ရှိစေရမည်။

၄၅။ သင်းလုံးကျွတ် အစည်းအဝေးတွင် အနားယူသွားသော ဒါရိုက်တာများ၏ နေရာတွင် အထက်တွင် ဖော်ပြထားသည့်အတိုင်း ဒါရိုက်တာများကို ဖြည့်စွက်ခန့်ထားရမည်။

၄၆။ ဒါရိုက်တာ ဖြည့်စွက်ခန့်ထားရန် သင့်တော်သော အစည်းအဝေးတွင် လစ်လပ်သော ဒါရိုက်တာများက ခန့်အပ်ခြင်းမပြုခဲ့ပါက ထိုနေ့မှ နောက်အပတ်အတွင်း ကျင်းပသည့် ထိုအချိန်၊ ထိုနေရာတွင် ပြုလုပ်သည့် အစည်းအဝေးတွင် ဖြည့်စွက်ခန့်ထားရမည်။ ရွှေ့ဆိုင်းသည့် အစည်းအဝေးတွင် ခန့်အပ်ခြင်းမပြုပါက၊ အနားယူသွားသော ဒါရိုက်တာများကိုပင် ပြန်လည်ခန့်ထားလိုက်သည်ဟု မှတ်ယူရမည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ရန် အစီအစဉ်

၄၇။ ဒါရိုက်တာများသည် လုပ်ငန်းကိစ္စများကို ပြီးပြတ်အောင် စည်းဝေးကျင်းပဆောင်ရွက်ခြင်း၊ ရွှေ့ဆိုင်းခြင်းကို သင့်သလိုလုပ်နိုင်သည်။ အစည်းအဝေးတွင် ပေါ်ပေါက်လာသော ပြဿနာများကို အများစုမဲဖြင့် ဆုံးဖြတ်ရမည်။ မဲရေ ကူညီနေပါက သဘာပတိမဲဖြင့် ဆုံးဖြတ်ချက်ပေးရမည်။

၄၈။ လုပ်ငန်းကိစ္စ အရပ်ရပ်ကို ဆောင်ရွက်ရာတွင် လိုအပ်သော ဒါရိုက်တာ အနည်းဆုံးအရေအတွက်ကို သတ်မှတ်ထားခြင်းရှိရမည်။

၄၉။ ဒါရိုက်တာများသည် အစည်းအဝေးတွင် သဘာပတိအား ရွေးချယ် တင်မြှောက်လျက် ၎င်း၏ရာထူးသက်တမ်းအား သတ်မှတ်ရမည်၊ အစည်းအဝေးတစ်ရပ် ကျင်းပရန်သတ်မှတ်သော အချိန်ကျရောက်ပြီး၊ နောက် တစ်ဆယ့်ငါးမိနစ်အတွင်း သဘာပတိမရှိဘဲ ဖြစ်နေလျှင် တက်ရောက်သော ဒါရိုက်တာများမှ တစ်ဦးဦးကို အစည်းအဝေးသဘာပတိ အဖြစ်ရွေးချယ်ဆောင်ရွက်နိုင်သည်။

အမြတ်ခွဲဝေခြင်းနှင့် ရန်ပုံငွေထားရှိခြင်း

၅၀။ ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးကြီး၌ အမြတ်ဝေစုပေးရန် ကြေငြာနိုင်သည်။ သို့ရာတွင် ထိုသို့ ကြေငြာသည့် အမြတ်ဝေစုသည် ဒါရိုက်တာများ ထောက်ခံထားသည့် ပမာဏထက် မကျော်လွန်စေရ။

၅၁။ သို့ရာတွင် အမြတ်ဝေစုများ ထုတ်ပေးရာ၌ ကုမ္ပဏီ၏တစ်နှစ်အတွက် ရရှိသည့် အမြတ်များ သို့တည်းမဟုတ် ခွဲဝေပေးရန် ယခင်နှစ်မှ ကျန်ရှိခဲ့သော အမြတ်များထဲမှ မဟုတ်လျှင် မည်သည့်အမြတ်ဝေစုကိုမျှ မပေးရ။

၅၂။ ဒါရိုက်တာများသည် အမြတ်ဝေစုများ သတ်မှတ်ခြင်းမပြုမီ ရံပုံငွေအဖြစ် သတ်မှတ်ရန် သင့်သောငွေကို ဖယ်ထားရမည်။ ယင်းရံပုံငွေကို အရေးအကြောင်းပေါ်က သုံးရန်လည်းကောင်း၊ အမြတ်ဝေစုများ မျှတအောင် ညှိပေးရန်သော်လည်းကောင်း၊ ကုမ္ပဏီ၏အကျိုးအတွက် အခြား ကျခံသုံးစွဲသင့်သည့် ကိစ္စတစ်ရပ်ရပ်အတွက် သော်လည်းကောင်း သုံးစွဲနိုင်သည်။ ထိုသို့ သုံးစွဲရန် အကြောင်းမပေါ်ပေါက်သေးပါက၊ ဒါရိုက်တာများက သုံးစွဲသင့်သည်ဟု ထင်မြင်ယူဆခဲ့လျှင် ကုမ္ပဏီ၏ လုပ်ငန်းအတွက်ဖြစ်စေ၊ အခြား သင့်တော်သည့် ရင်းနှီးမြှုပ်နှံမှု၌ဖြစ်စေ သုံးစွဲနိုင်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာ၌ ဤကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူရာ၌ သုံးစွဲခြင်းမပြုရ။

၅၃။ အစုရှယ်ယာတစ်ခု၏ တွဲဖက်ပိုင်ရှင်များအဖြစ် မှတ်ပုံတင်ထားခဲ့သော အစုရှယ်ယာအတွက် အမြတ်ဝေစုပေးသည့်အခါ တွဲဖက်ပိုင်ရှင်တစ်ဦးဦးက အကျိုးသက်ရောက်သော ငွေရပြေစာကို ပေးရပါမည်။

၅၄။ အမြတ်ဝေစုထုတ်ပေးရန်အတွက် အကြောင်းကြားသည့်စာကို နောင်တွင် ဖော်ပြထားသည့်အတိုင်း အမြတ်ဝေစုရထိုက်သည့် ပုဂ္ဂိုလ်များအား ပေးပို့ရမည်။

၅၅။ ကုမ္ပဏီထံမှ မည်သည့်အမြတ်ဝေစုအတွက် အတိုးတောင်းခံခြင်း မပြုရ။

ငွေစာရင်းများ

၅၆။ ဒါရိုက်တာများသည် အောက်ပါ ငွေစာရင်းစာအုပ်များကို ကောင်းမွန်စွာ ထိန်းသိမ်းထား၍ရှိစေရန် ညွှန်ကြားထားရမည်။

(၁) ကုမ္ပဏီ၏ ဝင်ငွေနှင့်ထွက်ငွေများအားလုံး နှင့် ရငွေနှင့်သုံးငွေဆိုင်ရာ အကြောင်းအရာ ကိစ္စရပ်များ။

(၂) ကုမ္ပဏီက ဝယ်ယူ/ရောင်းချသည့် ပစ္စည်းများအားလုံး။

(၃) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ။

၅၇။ ကုမ္ပဏီ၏ငွေစာရင်းစာအုပ်များကို မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏ရုံး၌ ဖြစ်စေ၊ ဒါရိုက်တာများက သင့်တော်သည်ဟု ယူဆသည့် အခြား နေရာတစ်နေရာ၌ဖြစ်စေ ထားရှိရမည်။ ဒါရိုက်တာများက ယင်းစာအုပ်များကို ကြည့်ရှုစစ်ဆေးလိုပါက ရုံးချိန်အတွင်း ကြည့်ရှုစစ်ဆေးပိုင်ခွင့်ရှိသည်။

၅၈။ ကုမ္ပဏီ၏ ငွေစာရင်းစာအုပ်များကို အသင်းဝင်များအား ပြသခြင်းနှင့်ပတ်သက်၍ ပြသရန်သင့်/မသင့်၊ မည်မျှပြသသင့်သည်၊ မည်သည့်နေရာ၊ မည်သည့်အချိန်၌ပြသရမည်၊ မည်သည့်အခြေအနေ မည်သည့် စည်းမျဉ်းများအရ ပြသရမည်ဆိုသည့်အချက်များကို ဒါရိုက်တာများက အခါအားလျော်စွာ သတ်မှတ်ပေးရမည်။ အသင်းဝင်တစ်ဦးသည် ဒါရိုက်တာမဟုတ်ပါက ကုမ္ပဏီ၏စာရင်းစာအုပ် သို့မဟုတ် စာအုပ်၊ သို့မဟုတ် စာရွက်စာတမ်းတစ်စုံတစ်ရာ ကြည့်ရှုစစ်ဆေးပိုင်ခွင့် မရှိစေရ။ တရားဥပဒေပြဋ္ဌာန်းချက်အရ သို့မဟုတ် ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်အရ သို့မဟုတ် ကုမ္ပဏီ၏ သင်းလုံးကျွတ် ဆုံးဖြတ်ချက်အရသာ၊ ဒါရိုက်တာမဟုတ်သူ အသင်းဝင်တစ်ဦးက ကြည့်ရှုစစ်ဆေးပိုင်ခွင့် ရှိစေရမည်။

၅၉။ ဒါရိုက်တာများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၁ နှင့် ၁၃၁-က ၏ ပြဋ္ဌာန်းချက်အရ၊ ယင်း ပုဒ်မများ၌ ဖော်ပြထားသည့် အရှုံးအမြတ်စာရင်း၊ ငွေစာရင်းရှင်းတမ်းနှင့် အစီရင်ခံစာများကို ထိုကုမ္ပဏီ၏ သင်းလုံးကျွတ် အစည်းအဝေး၌ တင်ပြစေရမည်။

၆၀။ အရှုံးအမြတ်စာရင်းကို ဖော်ပြရာ၌ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၂ ပုဒ်မခွဲ (၃)၌ ဖော်ပြထားသည့် ကိစ္စများအပြင် အောက်ပါ အကြောင်းအရာများကိုလည်း သင့်လျော်ရာ ခေါင်းစဉ်များဖြင့် ဖော်ပြရမည်။ ဝင်ငွေ စုစုပေါင်း၊ ယင်း ဝင်ငွေရရှိသည့် အကြောင်း စုစုပေါင်းကုန်ကျငွေကို စာရင်းခေါင်းစဉ်များဖြင့် ခွဲခြင်း၊ လစာစရိတ်နှင့် အခြားခေါင်းစဉ်များ၊ ကုမ္ပဏီ၏ သင်းလုံးကျွတ်အစည်းအဝေး၌ တစ်နှစ်အတွက် သင့်တင့်သောအရှုံးအမြတ်စာရင်းကို တင်ပြနိုင်ရန်အတွက် တစ်နှစ်ဝင်ငွေနှင့်သက်ဆိုင်သည့် ကုန်ကျစရိတ်အားလုံးကို ဖော်ပြရမည်။ နှစ်အတော်များများမျှ၍ ကုန်ကျသင့်သော အသုံးစရိတ်ကို တစ်လုံးတစ်စည်းတည်း ဖော်ပြပြီး၊ မည်သည့် အတွက် ကြောင့် ယင်းကုန်ကျစရိတ်၏ တစ်စိတ်တစ်ဒေသကိုသာ ထိုနှစ်အတွက် စုစုပေါင်းဝင်ငွေမှ ကျခံထားကြောင်း အကြောင်းပြချက် ရေးသားဖော်ပြရမည်။

၆၁။ လက်ကျန်ရှင်းတမ်းကို နှစ်စဉ်ရေးဆွဲပြီး ကုမ္ပဏီ၏ သင်းလုံးကျွတ်အစည်းအဝေးသို့ တင်ပြရမည်။ ထိုလက်ကျန်ရှင်းတမ်းကို သင်းလုံးကျွတ်အစည်းအဝေး မကျင်းပမီ၊ (၆)လထက်မများသော ကာလအထိ ပြုစုရမည်။ လက်ကျန်ရှင်းတမ်းနှင့်အတူ ကုမ္ပဏီ၏အခြေအနေ

ဖော်ပြချက်၊ အမြတ်ဝေစု မည်မျှပေးသင့်ကြောင်း ထောက်ခံချက်၊ ရှယ်ယာငွေအဖြစ် မည်မျှဖယ်ထား သက်မှတ်သင့်ကြောင်း အဆိုပြုချက်များပါသည့် ဒါရိုက်တာများ၏ အစီရင်ခံစာကို ပူးတွဲတင်ပြရမည်။

၆၂။ ယင်းလက်ကျန်ရှင်းတမ်းနှင့် အစီရင်ခံစာ မိတ္တူတစ်စောင်စီကို သင်းလုံးကျွတ်အစည်းအဝေး မကျင်းပမီ၊ ခုနစ်ရက်ကြိုတင်၍ သင်းလုံးကျွတ် အစည်းအဝေးသို့ ဖိတ်စာပေးပို့လိုက်သူ အားလုံးသို့ အောက်တွင်ဖော်ပြထားသည့် အကြောင်းကြားစာများပေးပို့ရန် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း ပေးပို့ရမည်။

၆၃။ ဒါရိုက်တာများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၀မှ ၁၃၅ တွင်ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့် အခြားဥပဒေ ပြင်ဆင်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

စာရင်းစစ်ခြင်း

၆၄။ စာရင်းစစ်များကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၄၄နှင့် ၁၄၅တို့အရ ခန့်အပ်၍ ယင်းတို့၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးရမည်။ ထိုကဲ့သို့သတ်မှတ်ရာတွင် ထိုအချိန်၌ တည်ဆဲဖြစ်နေသည့် ဥပဒေပြင်ဆင်ချက်များအတိုင်း ဖြစ်စေရမည်။

အကြောင်းကြားစာများ

၆၅။ (၁) အကြောင်းကြားစာပေးပို့ရာတွင် ကုမ္ပဏီသည် အသင်းဝင်တစ်ဦးအား လူကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ နေရပ်လိပ်စာသို့ ဖြစ်စေ ပေးပို့ရမည်။ ယင်းသည် ပြည်ပ၌ ရောက်နေပါက ယင်းကုမ္ပဏီသို့ ကြိုတင်ပေးပို့ထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ နေရပ်လိပ်စာသို့ ပေးပို့ရမည်။

